ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံဖျက်သိမ်းခွင့်လျှောက်ထားလာပါက မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် အောက်ပါအတိုင်း စစ်ဆေးဆောင်ရွက်မည် ဖြစ်ပါသည်-

(၁) ဖျက်သိမ်းမည့်အဆောက်အအုံသည် အခြားအဆောက်အအုံနှင့်တွဲဆက်ဆောက်လုပ်ထားခြင်းရှိ/မရှိ စစ်ဆေးခြင်း

(၂) ဖျက်သိမ်းမည့်အဆောက်အအုံသည် ရှေးဟောင်းလက်ရာအဆောက်အအုံနှင့် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သတ်မှတ်ထားသော အဆောက်အအုံစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း

(၃) ဖျက်သိမ်းမည့်အဆောက်အအုံနှင့် လျှပ်စစ်ဓာတ်အားလိုင်း အကွာအဝေး စစ်ဆေးခြင်း

(၄) ဖျက်သိမ်းမည့်အဆောက်အအုံ၏ အရွယ်အစား၊ အမျိုးအစား၊ သက်တမ်း၊ အိမ်ရှင်/အိမ်ငှား နေထိုင်အသုံးပြုမှုတို့ကို စစ်ဆေးခြင်း

(၅) ကြိုတင်ဖျက်သိမ်းထားခြင်းရှိ/မရှိ စစ်ဆေးခြင်း